ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၁၈)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျာ။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၃.၂၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ၂၂-၈-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေး ကော်မတီဝင် တစ်ဦးဖြစ်တဲ့ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ အစည်းအဝေး တက်ရောက်ရန်။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇခုန်တိန့်ယိန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ရေဘေးကယ်ဆယ်ရေး။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ရေဘေးကယ်ဆယ်ရေး။ ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးနေအောင်ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယနေ့ ခွင့်ပန်ကြားသူ စုစုပေါင်း(၁၅)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနဲ့ ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ရှင်။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့် ရှိတဲ့

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦးဖြစ်၍ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**၂၀၁၅ ခုနှစ်၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နယ်မြေ တည်ငြိမ်အေးချမ်းမှု မရှိသေးသဖြင့် ရွေးကောက်ပွဲ ရပ်ဆိုင်းထားခဲ့သော ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့နယ်နှင့် ကျေးသီးမြို့နယ်တို့အတွက် ၂၀၁၆ ခုနှစ်အတွင်း ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းအောင် က ၂၀၁၅ ခုနှစ်၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိသေးသဖြင့် ရွေးကောက်ပွဲ ရပ်ဆိုင်းထားခဲ့သော ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့နယ်နှင့် ကျေးသီးမြို့နယ် တို့အတွက် ၂၀၁၆ ခုနှစ်အတွင်း ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးစိုင်းထွန်းအောင် ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ရှိ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော် တင်ပြမေးမြန်းလိုတာကတော့ ၂၀၁၅ ခုနှစ်၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိသေးသဖြင့် ရွေးကောက်ပွဲ ရပ်ဆိုင်းထားခဲ့သော ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့နယ်နှင့် ကျေးသီးမြို့နယ်တို့အတွက် ၂၀၁၆ ခုနှစ်အတွင်း ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးရန် အစီအစဉ် ရှိ/မရှိ တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့သော ၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပသည့်အချိန်တွင် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်အတွင်းရှိ မိုင်းရှူးမြို့နယ်နှင့် ကျေးသီးမြို့နယ်တို့တွင် နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသေးသဖြင့် ရွေးကောက်ပွဲ ကော်မရှင်မှ ရွေးကောက်ပွဲအား ရပ်ဆိုင်းထားခဲ့ပါတယ်။ ထို့ကြောင့် အဆိုပါ မြို့နယ်များအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက် ထားနိုင်ခြင်း မရှိခဲ့သဖြင့် အဆိုပါမြို့နယ်များအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက်သော်လည်းကောင်း၊ ပြည်သူများ၏နစ်နာချက်၊ လိုအပ်ချက်များအား သက်ဆိုင်ရာ လွှတ်တော် အသီးသီးသို့ အဆိုပြု တင်ပြနိုင်ရန်အတွက်သော်လည်းကောင်း၊ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ လိုအပ်လျက်ရှိနေပါသည်။

ပြီးခဲ့သော ၂၀၁၅ ခုနှစ်၊ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလတွင် မိုင်းရှူး မြို့နယ်နှင့် ကျေးသီးမြို့နယ်များအတွင်း အချို့နယ်မြေများ၌ နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိခဲ့သည်မှာ မှန်သော်လည်း ရွေးကောက်ပွဲ ကျင်းပပြီးသည့်အချိန်မှစပြီး ယနေ့အထိ ၎င်းနယ်မြေများ ပြန်လည် တည်ငြိမ်အေးချမ်းလျက်ရှိနေပြီဖြစ်ကြောင်း အဆိုပါမြို့နယ်များသို့ ကျွန်တော် ကိုယ်တိုင်သွားရောက် ကွင်းဆင်း လေ့လာစဉ် တွေ့မြင်သိရှိရပါတယ်။ ထို့ကြောင့် ပြီးခဲ့သော ၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိသေးသဖြင့် ရွေးကောက်ပွဲ ရပ်ဆိုင်း ထားခဲ့သော ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ်နှင့် ကျေးသီးမြို့နယ်တို့အတွက် ၂၀၁၆ ခုနှစ် အတွင်း ရွေးကောက်ပွဲပြန်လည်ကျင်းပပေးရန် အစီအစဉ်ရှိ/မရှိနှင့် မရှိသေးပါက မည်သည့်အချိန်တွင် ကျင်းပပေးမည်ကို သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဦးအောင်မြင့်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကျန်းမာ ချမ်းသာကြပါစေကြောင်း မေတ္တာပို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ရှမ်းပြည်နယ်၊ အမျိုးသား

လွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ကျွန်တော် ရှင်းလင်းဖြေကြားပါမယ်။ မေးခွန်းက ၂၀၁၅ ခုနှစ်၊ အထွေထွေ ရွေးကောက်ပွဲမှာ နယ်မြေအေးချမ်းတည်ငြိမ်မှု မရှိသေးတဲ့အတွက် ရွေးကောက်ပွဲရပ်ဆိုင်းထားခဲ့ရတဲ့ ရှမ်းပြည်နယ် တောင်ပိုင်း မိုင်းရှူးမြို့နယ်နှင့် ကျေးသီးမြို့နယ်တို့အတွက် ၂၀၁၆ ခုနှစ်မှာ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းထားတဲ့မေးခွန်း ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှာ အထွေထွေရွေးကောက်ပွဲ ကျင်းပမယ်လို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကနေ ကြေငြာချက်ထုတ်ပြန်ပြီးတော့ တစ်ပြည်လုံးကို အထွေထွေရွေးကောက်ပွဲ ကျင်းပဖို့စီစဉ်ခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့် ရွေးကောက်ပွဲနဲ့ စပ်လျဉ်းလို့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မိုင်းရှူးမြို့နယ်နှင့် ကျေးသီးမြို့နယ်တို့မှာ လွတ်လပ်ပြီးတော့ တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပနိုင်မယ့် အခြေအနေမရှိတဲ့အတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ၂၇-၁၀-၂၀၁၅ ရက်နေ့မှာ ကြေညာချက်အမှတ် ၆၇/၂၀၁၅ နဲ့ ရပ်ဆိုင်းထားခဲ့ရပါတယ်။ သို့ရာတွင် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉ မှာ အကြောင်းကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်ရင် အစားထိုး ရွေးကောက်တင်မြှောက်ဖို့ အတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပေးဖို့ရန် ကျွန်တော်တို့ ရွေးကောက်ပွဲကော်မရှင်မှာ တာဝန် ရှိပါတယ်။

ဒါကြောင့် အခု အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင် မေးမြန်းတဲ့ ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ်နှင့် ကျေးသီးမြို့ နယ်များမှာလည်းပဲ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲကျင်းပဖို့ အခြေအနေရှိပါက ဥပဒေ၊ နည်းဥပဒေနှင့်အညီ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ် ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နှင့် ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ သာရဝေါကျေးရွာတို့ကို ဆက်သွယ်ပေးမည့် ဧရာဝတီမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း က ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နှင့် ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ သာရဝေါကျေးရွာ တို့ကို ဆက်သွယ်ပေးမည့် ဧရာဝတီမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးထိန်ဝင်း ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ဟာ ဧရာဝတီမြစ်ကမ်း နံဘေးနားမှာရှိပြီးတော့ လူဦးရေထူထပ်တဲ့ ခရိုင်မြို့ကြီးတစ်မြို့ဖြစ်ပါတယ်။ ယခင်တုန်းက ကျွန်တော်တို့ ဟင်္သာတမြို့နှင့် ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်အတွင်းမှာရှိတဲ့ သာရဝေါကျေးရွာတို့ကို ဧရာဝတီမြစ်ကူးတံတားတည်ဆောက်ဖို့ဆိုပြီးတော့ ဆောင်ရွက်ခဲ့တဲ့ အစီအစဉ်တွေ ရှိပါတယ်။ သာရဝေါ အပိုင် ကျုံလဟာကျေးရွာမှာ အရင်တုန်းကဆိုလို့ရှိရင် မဟာဗျူဟာလမ်း ဖောက်ထားတဲ့အထိ ပြင်ဆင် ခဲ့တာကို ကျွန်တော်တို့သိရှိခဲ့ရပါတယ်။ အဲဒီအစီအစဉ်ဟာ ပျက်သွားပြီးတော့ ကျန်ခဲ့တဲ့ (၂)နှစ်လောက်က ဧရာဝတီမြစ်ကူးတံတား တည်ဆောက်ဖို့အတွက်ဆိုပြီးတော့ ဂျပန်နိုင်ငံကနေပြီးတော့ ပညာရှင်များ ရောက်လာပြီးတော့ မြေစမ်းသပ်မှု ပြုလုပ်တယ်။ လယ်မြေတွေ၊ လူနေအိမ်ခြေတွေ ထိခိုက်ပျက်စီးဆုံးရှုံးမယ့် အနည်းဆုံးသော လမ်းကြောင်းတွေကို ရွေးချယ်စိစစ်တဲ့အခါမှာ ကျွန်တော်တို့ ဟင်္သာတမြို့၊ စစ်ကုန်း ကျေးရွာမှာ ကျွန်တော်တို့ သတ်မှတ်ပြီးတော့ ငုတ်ရိုက်တဲ့ အနေအထားမျိုးတွေအထိ ဆောင်ရွက်ခဲ့တာကို သိရှိခဲ့ရပါတယ်။

ဒီလိုမျိုး ကျွန်တော်တို့ ဧရာဝတီမြစ်ကူးတံတားကြီးကို တည်ဆောက်နိုင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဧရာဝတီတိုင်းနဲ့ ပဲခူးတိုင်းဒေသအတွင်းမှာရှိတဲ့ မြို့နယ်တွေအကုန်လုံး ကူးသန်း သွားလာရေး အဆင်ပြေမယ်။ ဒေသထွက်ကုန်တွေ တစ်နေရာနဲ့တစ်နေရာကို ကျွန်တော်တို့ သယ်ယူ ပို့ဆောင်တဲ့ အနေအထားမျိုးရှိလာနိုင်တယ်။ လူမှုရေး၊ ကျန်းမာရေးကအစ စီးပွားရေးတွေ ဖွံ့ဖြိုးတိုးတက်လာနိုင်တယ်။ ကုန်ဈေးနှုန်းတွေ ကျလာနိုင်တဲ့အနေအထားမျိုးတွေရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဧရာဝတီတိုင်း၊ ဟင်္သာတမြို့ဟာ ပုသိမ်-ဟင်္သာတ-ကြံခင်းဆိုတဲ့ မီးရထား တိုင်းအမှတ်(၉) ရုံးဆိုက်ရာမြို့ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကျွန်တော်တို့ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ် သာရဝေါကျေးရွာဟာ ကျွန်တော်တို့ ကြည့်မြင်တိုင်နဲ့ သာရဝေါ ပြေးဆွဲနေတဲ့ မီးရထားလိုင်းလည်း ပါတယ်။ တကယ်လို့သာ ဧရာဝတီမြစ်ကူးတံတားကို တည်ဆောက်နိုင်မယ်ဆိုလို့ရှိရင် ကားများ သွားလာနိုင်သလို ရထားကလည်းပဲ ဆက်သွယ်ပေးခြင်းအားဖြင့် အင်မတန်မှ ကောင်းမွန်တဲ့ တံတားကြီး ဖြစ်လာမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ရေရှည်အကျိုးကို မျှော်ကိုးပြီးတော့ ပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းလိုတာကတော့ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နှင့် ပဲခူးတိုင်း ဒေသကြီး၊ သာရဝေါကျေးရွာသို့ ဧရာဝတီမြစ်ကိုဖြတ်ပြီးတော့ ဧရာဝတီမြစ်ကူးတံတား တည်ဆောက် ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ပေးမည်ဆိုတာ ကျွန်တော်တို့ သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**စစ်တွေ- ရန်ကုန် အဝေးပြေးကားလမ်းမပေါ်တွင် တည်ရှိပြီး မြောက်ဦးမြို့နယ်ရှိ ဟောင်းနွမ်းပျက်စီးလာပြီ ဖြစ်သည့် တိန်ညိုချောင်းကူးတံတားကို နှစ်လမ်းသွား သံကူကွန်ကရစ် တံတားသစ်အဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် က စစ်တွေ - ရန်ကုန် အဝေးပြေးကားလမ်းမပေါ်တွင် တည်ရှိပြီး မြောက်ဦးမြို့နယ်ရှိ ဟောင်းနွမ်းပျက်စီးလာပြီဖြစ်သည့် တိန်ညို ချောင်းကူးတံတားကို နှစ်လမ်းသွား သံကူကွန်ကရစ် တံတားသစ်အဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော် မေးထားတဲ့ မေးခွန်းကတော့ တိန်ညိုတံတားကို နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိန်ညိုတံတားဟာ စစ်တွေ-ရန်ကုန် အဝေးပြေးလမ်းမကြီးပေါ်မှာ တည်ရှိပါတယ်။ စစ်တွေ-ရန်ကုန် အဝေးပြေးလမ်းဟာ ပြည်ထောင်စုလမ်းမကြီးထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အဆိုပါတံတားမှာ အခုအခါ ဟောင်းနွမ်းပျက်စီးလာပြီဖြစ်ပါတယ်။ တံတားရဲ့အခင်းသစ်သားတွေဟာလည်း သံရိုက်ထားတာတွေ ချောင်လာ၊ လွတ်လာတဲ့အတွက် ကားတွေဖြတ်သွားတဲ့အခါမှာ ဘယ်လိုမှ နားထောင်လို့ အသံ မကောင်းပါဘူး။ နောက်ပြီး လက်ရှိတံတားဟာ အလွန်ကျဉ်းပါတယ်။ နေ့စဉ်နဲ့အမျှ ကုန်တင်ကားကြီးတွေ၊ ခရီးသည်တင်ကားတွေ စတဲ့ ကားကြီး၊ကားငယ်မျိုးစုံ ဖြတ်သွားရာမှာ မျက်နှာချင်းဆိုင် ကားလာလို့ရှိရင် တံတားထိပ် လမ်းဘေးကို ကားချရပ်ပြီးတော့ စောင့်ရပါတယ်။ ပြီးမှ ဆက်သွားလို့ရပါတယ်။ ဒါဟာ ဘာကိုပြနေလဲဆိုရင် နှစ်လမ်းသွား၊ အသွားတစ်လမ်း၊ အလာတစ်လမ်းပါတဲ့ တံတားတစ်ခု လိုအပ်နေပြီဆိုတာကို ဖော်ပြနေတာပါပဲ။

သို့ဖြစ်ပါ၍ မြောက်ဦးမြို့နှင့် စစ်တွေ-ရန်ကုန်အဝေးပြေးလမ်းမပေါ်တွင် တည်ရှိနေသော ဟောင်းနွမ်းပျက်စီးလာပြီဖြစ်သည့် တိန်ညိုချောင်းကူးတံတားကို အသွားတစ်လမ်း၊ အလာတစ်လမ်းပါရှိသည့် သံကူကွန်ကရစ် တံတားအသစ်အဖြစ် တည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာနဲ့မေးမြန်းအပ်ပါတယ်။ (ဩဘာသံများ)

**ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့တွင် မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ မူဆယ်မြို့နှင့် စယ်လန့် ကျေးရွာ ဆက်သွယ်ထားသော မော်တော်ကားလမ်းတွင် တရုတ်ကုန်တင်ကားများ ဖြတ်သန်းသွားလာခွင့်ပြုသင့်၊ မသင့် နှင့် မူဆယ်-နမ့်ခမ်းလမ်းအား အဆင့်တိုးမြှင့်ပြင်ဆင်ရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးညီစိန် က ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့တွင် မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ မူဆယ်မြို့နှင့် စယ်လန့်ကျေးရွာ ဆက်သွယ်ထားသော မော်တော်ကားလမ်းတွင် တရုတ်ကုန်တင်ကားများ ဖြတ်သန်းသွားလာခွင့် ပြုသင့်၊ မသင့် နှင့် မူဆယ်-နမ့်ခမ်းလမ်းအား အဆင့်တိုးမြှင့်ပြင်ဆင်ရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးညီစိန်၊ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ မင်္ဂလာ နံနက်ခင်းပါခင်ဗျား။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ပြည်ထောင်စုဝန်ကြီးများနဲ့ ဧည့်သည်တော်များ အားလုံး နှလုံးစိတ်ဝမ်းကြည်သာ ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ပတ္ထနာပြုဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အမှတ်(၅)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညီစိန် ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့နယ်၊ မူဆယ်မြို့၊ မြို့ရှောင်ကွင်းလမ်းကိစ္စနှင့်ပတ်သက်ပြီး လမ်းပန်းဆက်သွယ်ရေး ကိစ္စများ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ အချိန်မလုံလောက်ပါက အနည်းငယ်တိုးပေးဖို့ ကြိုတင်ပြီးပန်ကြားအပ်ပါတယ် ခင်ဗျား။ မူဆယ်မြို့၊ မြို့ရှောင်ကွင်းလမ်းကိစ္စအလို့ငှာ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလကတည်းက စီမံဆောင်ရွက်သွားလိမ့်မယ်လို့ ကြားသိခဲ့ရပါတယ်။ သက်ဆိုင်ရာမှလည်း လမ်းအူကြောင်းရှာဖွေခြင်း၊ တိုင်းတာခြင်း၊ ငုတ်ရိုက်ခြင်းများ တွေ့ရှိခဲ့ရပါတယ်။ လတ်တလောအခြေအနေအထိ ဖောက်လုပ်မှုကဏ္ဍ စတင်ဆောင်ရွက်ခြင်းများ မတွေ့ရှိရသေးပါခင်ဗျား။ အဆိုပါလမ်း မဖောက်လုပ်သေးတဲ့အတွက် မူဆယ်မြို့၊ မန့်ဝိန်းရပ်ကွက် တရုတ်- မြန်မာ နယ်စပ်ဂိတ်တစ်ဝိုက်မှာ ယာဉ်များပိတ်ဆို့မှု၊ အချိန်ပြည့်နီးပါး ကြုံတွေ့နေရပါတယ်။ ခရီးသွား ပြည်သူလူထုများအတွက် အင်မတန် ခက်ခဲပြီး ကျန်းမာရေးအတွက်အဆိုပါလျှင် အသက်အန္တရာယ်နဲ့ ကြုံဆုံရမည့် အနေအထားယူကျုံးမရ ဖြစ်လာနိုင်ပါတယ်။ မြို့ရှောင်ကွင်း လမ်းဖောက်လုပ် သုံးစွဲနိုင်မှသာလျှင် အဆင်ပြေနိုင်မှာဖြစ်ပါသဖြင့် အဆိုပါမြို့ရှောင်ကွင်းလမ်း ဖောက်လုပ်နိုင်ရေး စီစဉ်ထားရှိမှု မည်သို့ရှိသည်ကို သိရှိနိုင်အောင် ပြည်သူလူထုများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းအနေနဲ့ မူဆယ်မြို့နဲ့ စယ်လန့်ကျေးရွာကိုဆက်သွယ်တဲ့ မော်တော်ကားလမ်းဟာ ရွှေလီမြစ်ရိုးတစ်လျှောက်မှာရှိပြီး ရွှေလီမြစ်

ကူးတို့ဆိပ်မှတစ်ဆင့် ဖြတ်သန်းသွားလာတဲ့ တရုတ်ကုန်တင်၊ ကုန်ကဲ့ ကားကြီးတွေကြောင့် ကျွန်တော်တို့ အင်မတန်ချစ်မြတ်နိုးတန်ဖိုးထားတဲ့ မူဆယ်- နမ့်ခမ်းကားလမ်းလေးဟာ လကမ္ဘာ မျက်နှာပြင်သဖွယ် ချိုင့်တွေ၊ ခွက်တွေနဲ့ ရစရာမရှိအောင် ဖြစ်ကုန်ပါပြီခင်ဗျား။ ဖြတ်သန်းတဲ့ တရုတ် ကုန်တင်ကားတွေ အားလုံးဟာလည်း တရုတ်ပြည်ထဲ မောင်းနှင်ခွင့်မပြုတော့တဲ့ သက်တမ်းလွန်ကားတွေဖြစ်ပြီးတော့ ယာဉ်အန္တရာယ် မကြာခဏ ဖြစ်စေပါတယ်။ တင်ပြရမယ်ဆိုရင် ၂၀၁၆ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့ တုန်းကဆိုရင် တရုတ် Date လွန် ကုန်တင်ကားတစ်စီး ဘရိတ်ပေါက်ပြီး ကားကြီး၊ ကားငယ် (၉)စီး တိတိကို ထိခိုက်ပျက်စီးသွားစေတဲ့ သာဓကတွေ ရှိခဲ့ပါတယ်။ အဲဒီကားတွေက တစ်ရက်လျှင် အစီးရေ ပျမ်းမျှ (၃၀၀)မှ (၅၀၀)ကြား ဖြတ်သန်းသွားလာပြီး သက်ဆိုင်ရာမှ ယာဉ်တစ်စီးလျှင် ယွမ်ငွေ (၃၀)မှ (၁၀၀)အထိ ကောက်ခံတာကို တွေ့မြင်ရပါတယ်။ လမ်းများပျက်စီးပြီး ယာဉ်ပိတ်ဆို့မှုများ ဖြစ်ပွား တဲ့အတွက် (၇)မိုင်ခရီးကို (၁၄)နာရီကျော်ကြာ မောင်းနှင်ရတာကို ကျွန်တော် ကိုယ်တိုင် ကြုံတွေ့ ခံစားခဲ့ရဖူးပါတယ်။

အဆိုပါ တရုတ်ကုန်တင်ကားများ ဖြတ်သန်းသွားလာခွင့်၊ ကုန်ကဲ့ခွင့်ပြုသင့်၊ မပြုသင့်နဲ့ မူဆယ်-နမ့်ခမ်းလမ်းအဆင့် တိုးမြှင့်ပြင်ဆင်ရန်အစီအစဉ် ရှိ/မရှိ ရှိပါက မည်သည့် အချိန်ကာလ၌ စတင်မည်၊ မရှိပါက မည်သည့်အခါကျမှ စီမံဆောင်ရွက်မည်ကို သိရှိနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထုများကိုယ်စား တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။ နိုင်ငံသူနိုင်ငံသားများအားလုံး ယာဉ်အန္တရာယ်နဲ့ ယာဉ်အခက်အခဲများ ကင်းရှင်းနိုင်ကြ ပါစေခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း မှ မေးမြန်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတ ခရိုင်၊ ဟင်္သာတမြို့နှင့် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ သာရဝေါ်ကျေးရွာတို့ကို ဆက်သွယ်မည့် ဧရာဝတီမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ပတ်သက်ပြီးတော့ မေးခွန်းအား ရှင်းလင်းဖြေကြားပေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုရန် တင်ပြအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နဲ့ ပဲခူးတိုင်းဒေသကြီး၊

သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ သာရဝေါကျေးရွာသို့ ဆက်သွယ်မည့် ဧရာဝတီမြစ်ကူးတံတား တည်ဆောက်နိုင်ရေး စီမံကိန်းအကောင်အထည်ဖော်နိုင်စွမ်းလေ့လာမှု (Feasibility Study) ကို ဂျပန်နိုင်ငံမှ (Ministry of Economy, Trade and Industry - METI) အကူအညီအထောက်အပံ့နဲ့ J.F.E Engenning Corporation မှ ဦးဆောင်ပြီးတော့ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာမှ စတင်ပြီး ပြုလုပ်ခဲ့ရာ ၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလတွင် Final Report ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဧရာဝတီတံတား ဟင်္သာတစီမံကိန်း၏ Final Report တွင် ပါဝင်သော အဆိုပြုပုံစံမှာ နှစ်ထပ်ကြမ်းခင်း အမျိုးအစား (Double Deck)ဖြစ်ပါတယ်။ တံတားခန်းဖွင့်အနေဖြင့် ပင်မတံတား အရှည်(၃၈၆၂) မီတာ × ယာဥ်သွားလမ်းအကျယ် (၈.၅)မီတာ၊ အပေါ်ထပ်ကားလမ်း ချဉ်းကပ်တံတား (Road Approach Bridge) အနေဖြင့် ဟင်္သာတဘက်ကမ်းမှာ (၁၀၅၀.၉၅)မီတာ၊ လက်ပံတန်းဘက်မှာ (၉၅၀.၈)မီတာ၊ စုစုပေါင်း အပေါ်ထပ်ကားလမ်းတံတားအရှည်ဟာဆိုရင် (၅၈၆၃.၇၅)မီတာ ဖြစ်ပြီးတော့ အောက်ထပ် ချဉ်းကပ်ရထားလမ်းမှာဆိုရင် (Railway Approach Bridge)အနေနဲ့ ဟင်္သာတဘက်ကမ်းမှာ (၄၂၅၂.၇၅) မီတာ လက်ပံတန်းဘက်မှာဆိုရင် (၄၀၀၂.၆)မီတာ၊ စုစုပေါင်း အောက်ထပ် ရထားလမ်း တံတားအရှည် စုစုပေါင်း (၁၂၁၁၇.၃၅)မီတာ ဖြစ်ပါတယ်။ ရေလမ်းကင်းလွတ်အကျယ် (၈၀)မီတာရှိပြီး ကင်းလွတ်အမြင့် (၁၇)မီတာ ဖြစ်ပါတယ်။ ယခင် တည်ဆောက်ခဲ့တဲ့ ဧရာဝတီမြစ်ကူးတံတားကြီးများအတိုင်း အခြေခံထားခြင်း ဖြစ်ပါတယ်။

တံတား၏ စီမံကိန်းခန့်မှန်းတန်ဖိုးမှာဆိုရင် ၂၀၁၂ ခုနှစ်၊ အခြေခံဈေးနှုန်းများဖြင့် တွက်ချက်ထားမှုအရ အမေရိကန်ဒေါ်လာ(၂၇၆.၀၀)သန်းခန့် ဖြစ်ပါတယ်။ စီးပွားရေးအကျိုးအမြတ် တွက်ချက်မှုများအရ EIRR (12.19%)၊ NPV(511)နှင့် B/C Ratio (1.02) ဖြစ်ပါတယ်။ စီမံကိန်း ဖြစ်နိုင်စွမ်းလေ့လာစဉ်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဦးစီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ယခုအချိန်မှာ ဟင်္သာတနှင့် သာရဝေါတို့အား စက်လှေ၊ မော်တော်ငယ်များဖြင့် သွားလာရသည့်အတွက် ခရီးကြန့်ကြာမှုရှိခြင်း၊ မိုးတွင်းကာလ၌ မိုးသက်မုန်တိုင်းဒဏ်ကြောင့် အန္တရာယ်ကြားမှ ဖြတ်သန်းသွားလာနေကြရတာ ဖြစ်ပါတယ်။

တံတာကြီး တည်ဆောက်ပြီးစီးပါက အချိန်အခါမရွေး အန္တရာယ်ကင်းစွာ သွားလာနိုင်မည့်အပြင် ဟင်္သာတခရိုင်၊ ပုသိမ်ခရိုင် အပါအဝင် ဧရာဝတီတိုင်းဒေသကြီးမှ လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များ၊ ကြုံခင်းဘိလပ်မြေများအား ဟင်္သာတမှတစ်ဆင့် တံတားကြီးကို ဖြတ်ကာ သာရဝေါ-လက်ပံတန်း - ပြည်မှတစ်ဆင့် မြန်မာပြည်အထက်ပိုင်းသို့လည်းကောင်း၊ ရန်ကုန်တိုင်းဘက်သို့လည်းကောင်း၊ မင်းလှ- စိန်ကန့်လန့်လမ်းမှ ပဲခူးရိုးမကို ကျော်ဖြတ်ပြီးတော့ ရန်ကုန် - မန္တလေး အမြန်လမ်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း ကျောက်တံခါးမြို့သို့ ရောက်ရှိနိုင်မှာဖြစ်ပြီးတော့ မြန်မာပြည်တစ်ဝန်းသို့ ပို့ဆောင်ဆက်သွယ်သွားလာနိုင်မည် ဖြစ်သဖြင့် နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးရေးတိုးတက်လာမှာ ဖြစ်ပါတယ်။

ယခုအချိန်မှာ ကုန်တင်ကားကြီးများ အသုံးပြု သယ်ယူပို့ဆောင်နေသည့် အခြေအနေမှ မီးရထားတံတားထည့်သွင်း တည်ဆောက်ခြင်းအားဖြင့် ကုန်ပစ္စည်းများကို မီးရထားဖြင့် သယ်ယူပို့ဆောင်မည်ဆိုပါက ကုန်စည်ဈေးနှုန်းများလည်း လျော့နည်းသက်သာနိုင်မှာဖြစ်ပါတယ်။ ဧရာဝတီ

တံတား(ဟသ်ာတ) တံတားကြီးအား အတိုးနှုန်းသက်သာသော နိုင်ငံခြားချေးငွေနှင့် တည်ဆောက်ခြင်းဖြင့် နိုင်ငံတကာအဆင့်မီ တံတားကြီးတစ်စင်း ရရှိမည်ဖြစ်သည့်အပြင် မြန်မာအင်ဂျင်နီယာများအတွက်လည်း နိုင်ငံတကာ အဆင့်မီ နည်းပညာများ ရရှိလာမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတံတား(ဟသ်ာတ) စီမံကိန်းတည်ဆောက်ရေး အတွက် စီမံကိန်းအကောင်အထည်ဖော်နိုင်စွမ်း လေ့လာမှုကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနအောက်ရှိ မြန်မာ့မီးရထားဌာနနှင့် ညှိနှိုင်းပြီး ရထားလမ်းနှင့်ကားလမ်း နှစ်မျိုးပါဝင်တဲ့ တံတား အမျိုးအစား တည်ဆောက်နိုင်ရန် ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာ့မီးရထားမှ ရထားတံတားပိုင်း၏ နည်းပညာပိုင်းနှင့် ပတ်သက်ပြီးတော့ ထပ်မံဖြည့်စွက်ရန်ရှိပါက ဖြည့်စွက်ပေးနိုင်ရန် သဘောထား မှတ်ချက်များလည်း တောင်းခံထားပါတယ်။ သဘောထားမှတ်ချက်များရရှိပါက စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနသို့ စီမံကိန်းအဆိုပြု တင်ပြလျှောက်ထားပြီးတော့ ဂျပန်နိုင်ငံ၏ ချေးငွေရရှိနိုင်ရန် ညှိနှိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရရှိပြီးပါက စီးပွားရေးကော်မတီမှတစ်ဆင့် နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (Cabinet)သို့ တင်ပြအတည်ပြုချက်ရယူပြီး တော့ ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူပြီးတော့ တည်ဆောက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ အမှတ်(၄)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်မှ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ရှိ စစ်တွေ - ရန်ကုန် အဝေးပြေးကားလမ်းပေါ်တွင် တည်ရှိသော ဟောင်းနွမ်း ပျက်စီးလာပြီ ဖြစ်သည့် တိန်ညို ချောင်းကူးတံတားကို နှစ်လမ်းသွား သံကူကွန်ကရစ် တံတားသစ်အဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းအား ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင် ရခိုင်-စစ်တွေ ကားလမ်းဟာဆိုရင် ပြည်ထောင်စု အဖွဲ့မှ စီစဉ်ပေးသော ကားလမ်းဖြစ်ပါတယ်။ မိုင်တိုင် ၁၂၀/၃၈၊ တံတားအမှတ် ၂/၁၂ တိမ်ညို တံတားဟာဆိုရင် မူလတံတားအရှည်(၃၁၀)ပေ တံတားအကျယ်(၂၀)ပေ ရှိပါတယ်။ တံတား အမျိုးအစားမှာ တံတားအောက်ထည်သံကူကွန်ကရစ်ဖြစ်ပြီးတော့ တံတားအပေါ်ထည် RPT သံပေါင်နဲ့ သစ်သားကြမ်းခင်းဖြင့် ၁၈-၁၀-၁၉၉၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီးတော့ ၁၈-၁၀-၁၉၉၃ ရက်နေ့တွင် ဆောက်လုပ်ပြီးစီးခဲ့ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ်(၅)သန်းဖြင့် RPTသံပေါင် ရဲ့ Bottom Chord များ အင်အားဖြည့်ပြင်ဆင်ခြင်းနဲ့ Bolt & Nut များ စစ်ဆေးခြင်း၊ အသစ်လဲလှယ် တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး ပုံမှန် ထိန်းသိမ်းခြင်းများကို ပြုပြင်လျက်ရှိပါတယ်။၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ရက်ပေါင်း(၁၀၀)စီမံချက်တွင် တံတားကြမ်းခင်း လဲလှယ်ခြင်း၊ RPT သံပေါင်ရဲ့ Bolt & Nut များ စစ်ဆေးခြင်း လုပ်ငန်းများကို ၂-၆-၂၀၁၆ ရက်တွင် စတင်ခဲ့ပြီး ၁၅-၆-၂၀၁၆ ရက်နေ့၌ ဆောင်ရွက်ပြီးစီးပြီးတော့ လမ်းပန်း ဆက်သွယ်မှုကောင်းမွန်ရေး ပုံမှန်ထိန်းသိမ်းခြင်းကို ပြုပြင်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ ရန်ကုန်- စစ်တွေလမ်း၊ မြောက်ဦးမြို့ရှိ တံတားအမှတ်(၂/၁၂) တိမ်ညိုတံတား(၃၁၀)ပေအရှည်အား နှစ်လမ်းသွားကွန်ကရစ် တံတားအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အသစ်တည်ဆောက်သွားမှာဖြစ်ကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးညီစိန် မှ မေးမြန်းထားတဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့တွင် မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ မူဆယ်မြို့နှင့် စယ်လန့်ကျေးရွာ ဆက်သွယ်ထား သော မော်တော်ကားလမ်းတွင် တရုတ်ကုန်တင်ကားများ ဖြတ်သန်းသွားလာခွင့် ပြုသင့်၊ မသင့်နှင့် မူဆယ်-နမ့်ခမ်းလမ်းအား အဆင့်တိုးမြှင့်ပြင်ဆင်ရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း အား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ မူဆယ်မြို့ရှိ မန္တလေး - လားရှိုး- မူဆယ် လမ်း မိုင်းယု(Toll Gate)မှ မူဆယ်မြို့သို့ မူဆယ်မြို့ရှောင်ကွင်းလမ်း ဖောက်လုပ်ရန် ကွင်းဆင်း တိုင်းတာ ဆောင်ရွက်ခဲ့ပါတယ်။ မူဆယ်မြို့ရှောင်လမ်း လမ်းအူကြောင်းမှာ ပါဝင်တဲ့ လယ်ယာမြေ၊ အဆောက်အဦများကို စိစစ်တိုင်းတာရန် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မူဆယ်မြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန ဦးဆောင်ပြီးတော့ ဦးစီးအရာရှိ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဦးစီးအရာရှိ၊ မြို့နယ်သစ်တော ဦးစီးဌာန၊ ဦးစီးအရာရှိ၊ လမ်းဦးစီးဌာန၊ ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန၊ ဒု-ဦးစီးမှူး၊ စက်မှုသီးနှံနှင့်ဖွံ့ဖြိုးရေးရေးလုပ်ငန်းမှ အဖွဲ့ဝင်အဖြစ်ပါဝင်တဲ့ အဖွဲ့အား ၉-၇-၂၀၁၅ ရက်နေ့မှာ ဖွဲ့စည်းပြီးတော့ မူဆယ်မြို့ရှောင်လမ်း စတင်ဖောက်လုပ်နိုင်ရန် ညှိနှိုင်း ဆောင်ရွက်ခဲ့ပါတယ်။ ယနေ့အချိန်အထိ ကွင်းဆင်းစစ်ဆေးမှုအရ ရှောင်ကွင်းလမ်းအရှည်ဟာဆိုရင် (၁၁)မိုင် ရှိသည့်အနက် (၇)မိုင်ခန့် စိစစ်တိုင်းထွာပြီး ဖြစ်ပါတယ်။ အစိမ်းရောင်နဲ့ ပြထားခြင်း ဖြစ်ပါတယ်။

ကွင်းဆင်းတိုင်းတာမှုများအရ မန္တလေး-လားရှိုး-မူဆယ်လမ်း မိုင်တိုင်(၂၇၈/၀)မှ စတင်ပြီး တော့ မူဆယ်မြို့အထွက် မိုင်တိုင်(၂၈၅/၃)လမ်းဆုံအထိ စုစုပေါင်းဖြတ်ဖောက်ရမယ့် မြို့ရှောင်လမ်း ဟာ (၁၁)မိုင် ရှည်လျားပါတယ်။ အဆိုပါ ရွေးချယ်ထားတဲ့ လမ်းအူကြောင်းဟာဆိုရင် ဖြစ်နိုင်စွမ်းနဲ့ အပျက်အစီး အနည်းဆုံးလမ်းကြောင်းဖြစ်ပြီးတော့ သတ်မှတ်လမ်းနယ်(၂၃၀)ပေအတွင်းမှာ လိုင်ချီး၊ ရာဘာ၊ ကြံ၊ ပြောင်းနဲ့ အခြားသီးနှံများ (၈၃.၇၅၇)ဧက၊ လယ်ယာ (၂၄.၅၀၄)ဧက၊ ရေကန်(၂)ကန်၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းအပါအဝင် အဆောက်အဦ (၅၄)လုံး ပါဝင်ခဲ့ပြီးတော့ ယနေ့အထိ ဆက်လက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

မူဆယ်မြို့ရှောင်လမ်းကို အမြန်ဆုံး ဖောက်လုပ်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်တော် ကြီးများ၊ ပြည်သူလူထုနဲ့သက်ဆိုင်ရာအဖွဲ့အစည်းများပါဝင်ပြီး လမ်းအူကြောင်းမှာ ပါဝင်တဲ့ သက်ဆိုင်ရာ မြေယာပိုင်ရှင်များရဲ့သဘောတူညီချက် ရရှိအောင် ဝိုင်းဝန်းညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ မူဆယ်မြို့၊ စယ်လန့်ကျေးရွာကို ဆက်သွယ်တဲ့ လမ်းဖြစ်တဲ့ မူဆယ်-နမ့်ခမ်း လမ်းပေါ်မှာမြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့မှ ထွက်ကုန်ပစ္စည်းများကို သယ်ဆောင်တဲ့ကုန်တင်ယာဉ်ကြီး

များ ဖြတ်သန်းသွားလာနေခြင်း၊ (၂၂)ဘီးကုန်တင်ယာဥ်ကြီးများ၏ ကုန်ချိန်နှင့်လမ်းခံနိုင်အား မျှတမှု မရှိခြင်း၊ အဆိုပါ ကုန်တင်၊ ကုန်ကဲ့ ယာဥ်ကြီးများကြောင့် လမ်းများ ပျက်စီးပြီး ယာဥ်ကြောပိတ်ဆို့မှုများ မကြာခဏ ဖြစ်ပေါ်ခြင်းတို့အတွက် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ သက်ဆိုင်တဲ့ ဌာနဆိုင်ရာများဖြစ်တဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ သတ်မှတ်ဝန်တန်ချိန်နှင့်အညီ ဖြတ်သန်းသွားလာ စေရန် ပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူဆယ်-နမ့်ခမ်းလမ်းဟာဆိုရင် B.O.T စနစ်နဲ့ တာဝန်ယူ ဆောင်ရွက် လျက်ရှိပြီးတော့ Oriental Highway Co.,Ltd မှ ပျက်စီးနေတဲ့လမ်းပိုင်းများကို လက်ရှိမိုးရာသီ အတွင်း ကျောက်ရောမြေဖြင့် အမာခံလမ်းသားရရှိစေရန် ပြုပြင်ထားပြီးတော့ ပွင့်လင်းရာသီမှာဆိုရင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မူဆယ်-နမ့်ခမ်းလမ်းကို (၄၈)ပေအကျယ် (၄)လမ်းသွားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ၃၁-၃-၂၀၁၉ ရက်နေ့အပြီး ဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်သည့်အတွက် (၃)လတစ်ကြိမ် လုပ်ငန်းပြီးစီးမှုများအားလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကြပ်မတ်စိစစ် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)က ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ လွှတ်တော် အခွင့်အရေးကော်မတီ၊ အတွင်းရေးမှူး ဦးမင်းဦး က ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ(ခ) အရ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား အမျိုးသားလွှတ်တော်က လက်ခံ ဆွေးနွေးရန် အဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးမင်းဦး(ပဲခူးတိုင်းဒေသကြီး ၊ မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ယနေ့ အမျိုးသားလွှတ်တော် အစည်းအဝေး ကျင်းပနေပုံများကို တက်ရောက်လေ့လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်၊ လွှတ်တော် အခွင့်အရေးကော်မတီ၊ အတွင်းရေးမှူး ဦးမင်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့ ၂၂-၈-၂၀၁၆ ရက်နေ့မှာ ပြုလုပ်ကျင်းပတဲ့ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့မှာ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ၁၉၇၃ ခုနှစ်၊ တော်လှန်ရေးကောင်စီအစိုးရလက်ထက်မှာ ဥပဒေအမှတ်(၁၆/၁၉၇၃)နဲ့ ရေးဆွဲပြဋ္ဌာန်း အတည်ပြုခဲ့တာ ဖြစ်ပါတယ်။ ဒီဥပဒေကို ပြင်ဆင်ချက်အဆိုတင်သွင်းရတဲ့ ရည်ရွယ်ချက်(၂)ရပ်ရှိပါတယ်။ အဲဒီ ရည်ရွယ်ချက်ကတော့ (၁) ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသော မူဝါဒများနဲ့ ကိုက်ညီမှုရှိစေရန်၊ (၂) ခေတ်ကာလနဲ့ လျော်ညီသော အခေါ်အဝေါ်၊ အသုံးအနှုန်းများ မှန်ကန်မှုရှိစေရန်ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်ဖို့ အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**မန်းထွန်းကြိုင်(ဧရာဝတီတိုင်းဒေသကြီး ၊ မဲဆန္ဒနယ်အမှတ် ၆) ။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အတွင်းရေးမှူး ဦးမင်းဦး၏ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းကို ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် မန်းထွန်းကြိုင် က လေးနက်စွာ ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က လက်ခံ ဆွေးနွေးရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဦးမင်းဦး တင်သွင်းသည့် ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၉)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ဒုတိယပုံမှန် အစည်းအဝေး (၁၈)ရက်မြောက် နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၁၉)ရက် မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၁၀း၄၃ နာရီအချိန်တွင် ရပ်နားပါသည်။]